NSW GOVERNMENT | Education
Public Schools

# *Nitbusters- ဦးခေါင်းပေါ်ရှိသန်းများဆိုင်ရာ ကျောင်းတွင်းအစီအစဉ်* နှင့်ပတ်သက်၍ မိဘများ/ ပြုစုစောင့်ရှောက်သူများထံသို့ ပေးပို့သော စာ

## Letter to parents/carers concerning *Nitbusters: Head lice in schools program*

ကလေးအမည် ____________________ Child's name　　အတန်း __________ Class

Nitbusters နေ့ ပြုလုပ်သော နေ့စွဲ ____________________ Date of Nitbusters Day

သဘောတူညီချက်ပုံစံပြန်ပို့သော နေ့စွဲ ____________________ Date for return of consent form

မိဘ/ ပြုစုစောင့်ရှောက်သူခင်ဗျာ/ရှင်

Nitbusters သည် ကျောင်းများ၊ ကလေးများ နှင့် မိဘများကို ဦးခေါင်းပေါ်ရှိ သန်းများ အကြောင်းနှင့် ၎င်းတို့ကိုမည်သို့ဖယ်ရှား နိုင်ကြောင်း ပညာပေးရန် ရည်ရွယ်ပါသည်။

အထက်တွင်ဖော်ပြထားသောနေ့စွဲတွင် ကျောင်း၌ပြုလုပ်မည့်  Nitbusters နေ့တွင် သင်၏ကလေးကို ပါဝင်ခွင့်ပေးရန် ဤစာကို ရေး၍ မေတ္တာရပ်ခံပါသည်။ Nitbusters နေ့ သည် ကလေးများ အားလုံး၏ ဦးခေါင်းပေါ်ရှိ သန်းများရှာဖွေရှင်းလင်းရန် မိဘများက အကူအညီပေးသော နေ့တစ်နေ့ ဖြစ်ပါသည်။

ကလေးများအားလုံးပါဝင်ရန် တိုက်တွန်း ပါသည်။ လက်မှတ်ရေးထိုး ထားသော သဘောတူညီချက်ပုံစံမပါပဲ မည်သည့် ကလေးကိုမျှ ပါဝင်ခွင့်မပြုပါ။ ထိုသို့မပါဝင်ခြင်း အတွက်လည်း မည်သည့် အပြစ်မျှပေးမည် မဟုတ်ပါ။ မိဘများ/ ပြုစုစောင့်ရှောက်သူများ နှင့်/သို့မဟုတ် ကလေးများသည် အချိန်မရွေး သန်းရှာခြင်းအစီအစဉ်မှ ထွက်ခွာနိုင်ပါသည်။ ပါဝင်ခြင်း မရှိသော ကလေးများသည် သန်းများနှင့် သန်းဥများ ရှာဖွေပုံနှင့် ဖယ်ရှားပုံကို လေ့လာနိုင်ပါသည်။

Nitbusters နေ့တွင် ပါဝင်သော ကလေးတိုင်း သည် ၎င်းတို့၏ ဦးခေါင်း၌ သန်းစွဲနေခြင်း ရှိမရှိ အစစ်ဆေးခံရမည်ဖြစ်သည်။ ကူညီသူ မိဘများသည် သန်းရှာခြင်းနှင့် ဖယ်ရှားခြင်း လုပ်ငန်းနှစ်မျိုးလုံးအတွက် တစ်ခါသုံး ရော်ဘာ လက်အိတ် ဝတ်ဆင်ရမည် ဖြစ်သည်။ အကယ်၍ သန်းဥများ သို့မဟုတ် သန်းများ တွေ့ပါက ပုံမှန်ဆံပင်ပျော့ဆေးကို ဆံပင်တွင် လိမ်းပေးမည်ဖြစ်ပြီး ဘီးဖြင့်ဖီးချပါမည်။ ဘီးအကြီးဖြင့် ဆံပင်ရှုတ်ထွေးမှုကို ဖြည်ချပြီး ဘီးစိတ်ဖြင့် သန်းများနှင့် သန်းဥများကို တိုက်ချပါမည်။ ကလေးတစ်ဦးချင်းစီကို ရှင်းလင်းပေးပြီးတိုင်း လက်အိတ်များကို လဲလှယ်အသုံးပြုပါမည်။ ဦးခေါင်းအရေပြား ပေါ်တွင် အနာများ၊ ယားနာများရှိကြောင်း တွေ့ရှိလျှင် ဘီးဖြီးခြင်းနှင့် ရှင်းလင်းခြင်းတို့ ပြုလုပ်မည်မဟုတ်ပါ။

ပြီးလျှင်ကလေး၏ ဆံပင်ကို ဘီးဖြင့်ဖြီး၍ ပြန်လည်သေသပ်အောင်လုပ်ပေးပါမည်။ ဆံပင်ပျော့ဆေးကို ကျောင်းတွင် လျှော်ပစ်ရန် အဆင်မပြေပါ။ ဆံပင်ပျော့ဆေးသည် ဆံပင်ကိုပျက်စီးစေမည်မဟုတ်သောကြောင့် ကလေးအိမ်ပြန်ရောက်သည့်အချိန်မှသာ ခေါင်းလျှော်နိုင်ပါသည်။

ကလေးတစ်ဦးစီ၏ခေါင်း ကိုရှင်းလင်း ပေးပြီးတိုင်း ဘီးများကို ဆပ်ပြာရေနွေးဖြင့် ဆေးကြော သန့်စင်ပြီး ရေနွေးအပူဖြင့်ထပ်မံ ဆေးကြော ပါမည်။ သန်းသည် ၆၀ ဒီဂရီ စင်တီဂရိတ်တွင် သေဆုံးပါသည်။

သန်းများရှာဖွေပြီးလျှင် သင်၏ကလေး ခေါင်းတွင် သန်းဥများ၊ သန်းများ သို့မဟုတ် နှစ်မျိုးလုံးတွေ့ရခြင်းရှိမရှိကိုအကြောင်းကြားရန် အိမ်သို့စာပို့ပါမည်။ အစီအစဉ်တွင် မပါဝင်သော ကလေးများ၏ မိဘများအပါအဝင် မိဘများ အားလုံးထံ ဦးခေါင်းပေါ်ရှိသန်းများ ရှင်းလင်းပုံ အကြောင်းသတင်းအချက်အလက် စာစောင် ပေးပို့ပါမည်။

Nitbusters များ မိမိတို့ကျောင်းတွင် အောင်မြင်စွာပြုလုပ်နိုင်ရန် ကလေးများအားလုံး ပါဝင်သင့်ပါသည်။ ကလေးတစ်ဦးတွင် ကူးစက်ခံထားရပါက  အတန်းတစ်တန်းလုံး ကူးနိုင်ပါသည်။ အရေးကြီးသော သတင်းစကားမှာ အသက်အရွယ်မရွေး၊ ကျားမ မရွေး သို့မဟုတ် မည်သူမည်ဝါမရွေး သန်းကူးနိုင်ပါသည်။ ကုသခြင်းကို ရပ်ရွာအခြေပြုလုပ်ငန်းအဖြစ် စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်ပါသည်။

တစ်ကျောင်းလုံး တစ်ချိန်တည်း ဦးခေါင်းသန်းရှာ၍ ရှင်းလင်းကုသခြင်းပြုလုပ် သော Nitbusters နေ့ကို ကျောင်းပရဝုဏ် အတွင်း ကျင်းပရန် ကျောင်းနှင့်ပတ်သက်သူ အားလုံး အတူတကွ ညှိနှိုင်း ဆောင်ရွက်ကြရ ပါမည်။ ကျောင်း၏ မိဘများအဖွဲ့သည် နေ့တစ်နေ့ကိုသတ်မှတ်၍ ကလေးများ အားလုံးကို သန်းရှာပေးကြမည့်  အကူအညီ ပေးသူများ စုဆောင်းပေးပါသည်။ သန်းရှာခြင်းကို မိဘ/ပြုစု စောင့်ရှောက်သူ လုပ်အားပေးများက တစ်တန်းပြီး တစ်တန်း ပြုလုပ်မည်ဖြစ်ပြီး အငယ်ဆုံး ကလေးများကို ကျောင်းချိန် အစောပိုင်းတွင် ပြုလုပ်ပေးမည် ဖြစ်သည်။

Nitbusters နေ့တွင် သင့်ကလေးပါဝင်ရန် သဘောတူပါက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော သဘောတူညီချက်ပုံစံကို ဖြည့်စွက်ပေးစေချင်ပါသည်။  ပြီးလျှင် အထက်တွင်ဖော်ပြထားသော နေ့စွဲ၌ ကျောင်းသို့ပြန်ပေးရပါမည်။ ကလေးတစ်ဦးစီ အတွက် သီးခြင်းပုံစံ တစ်စောင်စီ လက်မှတ်ထိုး ရပါမည်။

ဤသတင်းအချက်အလက်များသည် NSW ကျန်းမာရေး Nitbusters ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသော အချက်အလက်များအပေါ် အခြေခံပါသည်။